ရွာသစ်ကျေးရွာ

ရွာသစ်ကျေးရွာအုပ်စု၊ ရေစကြိုမြို့နယ်

မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရွာသစ်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေစကြိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၈ ခုနှစ်၊ ဇူလိုင် လ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ရွာသစ်ကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ပခုက္ကူခရိုင်၊ ရေစကြို့မြို့နယ် ၊ ရေစကြို့မြို့ တောင်ဘက်ရှိ ရွာသစ်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး ချင်းတွင်းမြစ်နှင့် အနည်းငယ် အလှမ်းကွာဝေးသော်လည်း မိုးတွင်းကာလနှင့် မြစ်ရေကြီးချိန်များတွင် မြေနိမ့်ဒေသဖြစ်သောကြောင့် ကျေးရွာအနိမ့်ပိုင်း လယ်ကွင်းများမှ တဆင့် ကျေးရွာတွင်းသို့ မြစ်ရေလွှမ်းမိုးမှုများ ကြုံတွေ့ရလေ့ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန် လက်မ (၃၀) ခန့် ရရှိပြီး သဘာဝပေါက်ပင်များမှာ မန်ကျည်း၊ တမာ၊ ကုက္ကို၊ ရှား၊ ထနောင်း၊ ထန်းနှင့် သဖန်း စသော အပင်များ ပေါက်လေ့ရှိပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧက (၃၀၃.၀၅) ခန့်ရှိပြီး သီးထပ်အဖြစ် ကုလားပဲနှင့် CPပြောင်းများ စိုက်ပျိုးနိုင်သည်။ မြေအောက်ရေတွင်းမှ ရေကို စက်ဖြင့် စုပ်ယူတင်ပြီး နွေစပါး၊ ပဲတီစိမ်း၊ CPပြောင်းဖူးများ စိုက်ပျိုးနိုင်သည်။ကျေးရွာအနီးတွင် မြစ်ချောင်းများ မရှိသော်လည်း မြေအောက်ရေ ရရှိနိုင်သောကြောင့် စက်ရေတွင်းများ တူးဖော်ပြီး ရေတင်စက်များ အသုံးပြု၍ ရေသွင်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ပါသည်။

၃။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့၊ ခေမာစာရီယုဝတီ ဝတ်အသင်းအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ ပရဟိတအဖွဲ့၊ မီးလင်းရေးကော်မတီ စသော အဖွဲ့အစည်းများ ဖွဲ့စည်းထား ရှိပါသည်။ကျေးရွာရှိ ဘုန်းကြီးကျောင်းပိုင် မီးစက်မှ ကျေးရွာတွင်း မီးလင်းရေး ရယူဆောင်ရွက်ပြီး မီးယူသည့် အိမ်များမှ အလှူငွေများ ကောက်ခံ၍ ပျက်စီးမှုများရှိပါက ပြင်ဆင်ပေးခြင်းလုပ်ငန်း များကို မီးလင်းရေးကော်မတီမှ ဆောင်ရွက်ပေးပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆိုင်သော သာရေး၊ နာရေး၊ လူမှုရေး ကိစ္စကြီးငယ်များ ပေါ်ပေါက်လာလျှင် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ ဂေါပကအဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ ပရဟိတအဖွဲ့နှင့် ရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ အရံမီးသတ်တပ်ဖွဲ့ဖွဲ့စည်းထား သော်လည်း စနစ်တကျ သင်ယူလေ့ကျင့်မှုများ မရှိသဖြင့် အဖွဲ့၏ စွမ်းဆောင်ရည် အားနည်းပါ သည်။ ပြင်ပမှအသေးစားချေးငွေအဖွဲ့များဖြစ်သော ပတ်မြန်မာ၊ သမဝါ ယမ ငွေစု ငွေချေးအဖွဲ့နှင့် အစိုးရငွေချေးဘဏ်အဖွဲ့များလည်း ရှိပါသည်။

(ခ)စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်၍ ကုလားပဲ၊ CPပြောင်း ၊

ပဲတီစိမ်း တို့ကို သီးထပ်အဖြစ်လည်း စိုက်ပျိုးကြပါသည်။ကျေးရွာတွင် စိုက်ပျိုးမြေဧက (၃၀၃.၀၅) ဧကရှိပြီး စပါးထွက်နှုန်းမှာ တစ်ဧက လျှင် အနည်းဆုံး(၄၀) တင်း မှ အများဆုံး (၈၀) တင်း ထွက်ပြီး ပျမ်းမျှ (၆၀)တင်း၊ ပဲတီစိမ်းထွက်နှုန်းမှာ တစ်ဧက လျှင် အနည်းဆုံး(၁၀) တင်း မှ အများဆုံး (၂၀) တင်း ထွက်ပြီး ပျမ်းမျှ (၁၅)တင်း၊ CPပြောင်းထွက်နှုန်းမှာ တစ်ဧက လျှင် အနည်းဆုံး(၄၀) တင်း မှ အများဆုံး (၁၀၀) တင်း ထွက်ပြီး ပျမ်းမျှ (၆၀)တင်း၊ ကုလားပဲ ထွက်နှုန်းမှာ တစ်ဧက လျှင် အနည်းဆုံး(၈) တင်း မှ အများဆုံး (၂၀) တင်း ထွက်ပြီး ပျမ်းမျှ (၁၃)တင်းထွက်ပြီး နှစ်စဉ် ကျေးရွာမှ မိုးစပါး (၁၂၀၀၀)တင်း၊ CPပြောင်း (၁၁၀၀) တင်း၊ ကုလားပဲ (၅၀၀)တင်းခန့် ထွက်ရှိပါသည်။မြေအောက်ရရှိခြင်းသည် သီးထပ်စိုက်ပျိုး ထုတ်လုပ်ရန် အခွင့်အလမ်း ကောင်းတစ်ခုဖြစ်သည်။ သို့သော် သီးနှံထုတ်ကုန်များအတွက် ဈေးကွက် အချိတ်အဆက်နှင့် ရောင်းချရေးစနစ်များ ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုက စွမ်းဆောင်နိုင်ခြင်း မရှိပါ။

မိရိုးဖလာနည်းဖြင့်သာ သီးနှံများစိုက်ပျိုးကြသောကြောင့် စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်မှုမရှိခြင်းနှင့် စိုက်ပျိုးရေးနည်းပညာ အားနည်းခြင်းတို့ကြောင့် သီးနှံများအထွက်နှုန်း နည်းသည်ဟု ယူဆရပါသည်။ စပါး၊ ကုလားပဲ၊ ပဲတီစိမ်းတို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှု နည်းပါသည်။သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည် ပြည်ပသို့ ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။သက်ဆိုင်ရာ ဌာန၊အဖွဲ့စည်းများမှ စိုက်ပျိုးရေးနည်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ခြင်းများ ရရှိနိုင်ပါက ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ရပါသည်။

ကျေးရွာတွင် တောင်သူများအပြင် ကျပန်းလုပ်ကြသူများလည်း ရှိသော်လည်း ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့် ကျွမ်းကျင်မှု အားနည်းခြင်းတို့ကြောင့် အသက်မွေးမှုအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ထို့ကြောင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်ဆိုပါ က ကျေးရွာ၏ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေမှာ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သား အားလုံးသည် သန့်ရှင်းသော သောက်သုံးရေသုံးစွဲနိုင်ရန် အဝီစိတွင်းများ တူးဖော်အသုံးပြုကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု (၈၀%) ခန့်သည် ရေတွင်း၊ အဝီစိတုံကင်တွင်းများမှလည်းကောင်း စက်တပ်၍လည်းကောင်း သောက်သုံးရေများ ရရှိနိုင်ကြပါသည်။

ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်းရှိပြီး ဆရာမ (၅) ဦးရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် ကျေးရွာမှ တစ်မိုင်ခွဲခန့် ကွာဝေးသော ရေစကြို့မြို့ (အထက၁)ကျောင်းသို့ သွားရောက် ပညာသင်ကြားပါသည်။

ကျန်းမားရေးဝန်ဆောင်မှုများအတွက် ကျေးရွာတွင် ဆေးပေးခန်းမရှိပါ။ တာဝန်ကျ ဆရာမ (၁)ဦးရှိသော်လည်း ကိုယ်ဝန်ဆောင်မိခင်များ ၊ ပိုးထိလူနာများနှင့် အရေးပေါ်လူနာများ မှာ ရွာနှင့် (၁)မိုင်ခွဲ ခန့်ဝေးသော ရေစကြို့မြို့နယ်ဆေးရုံသို့သာ သွားရောက်ကြပါသည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို (၂၀၁၅) နှစ်တွင် ကိုယ်ထူကိုယ်ထ မီးလင်းရေး ဆောင်ရွက်ရန်ဖွဲ့စည်းခဲ့သည်။လက်ရှိတွင် ကျေးရွာတွင်း မီးလင်းရေးအတွက် ဘုန်းကြီးကျောင်းပိုင် မီးစက်မှ အချိန်ပိုင်းဖြင့် ရယူသုံးစွဲနေကြပါသည်။ ကျေးရွာအိမ်ထောင်စုများမှစရိတ် ထည့်ဝင်ပြီး မြို့နယ် လျှပ်စစ်ဌာနသို့တင်ပြ၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက် နေခြင်း ဖြစ်သည်။ ယခုအခါ ကျေးရွာအိမ်ထောင်စုများသည်မိမိတို့စေတနာအလျောက် သတ်မှတ်ထည့်ဝင် ရန် သဘောတူထားသော ငွေကြေးကိုပြည့်မီအောင်ထည့်ဝင်နိုင်ခြင်း မရှိသေးသောကြောင့် လျှပ်စစ်မီးကြိုးများ လိုင်းဆွဲသွယ်တန်း နိုင်ရန်အခက်အခဲရှိနေပါသည်။သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အကူအညီဖြင့် လိုင်းဆွဲသွယ်တန်းနိုင်ရန် တောင်းခံထားပါသည်။

ကျေးရွာတွင်း လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မြစ်ရေကြီးချိန်/ကျချိန်နှင့် မိုးများချိန်များတွင် ရွံ့ဗွက်များ ထူထပ်သဖြင့် သွားလာရန် ခက်ခဲပါသည်။ထို့ကြောင့် မြေနီ ကျောက်စရစ် လမ်းအဖြစ် အဆင့်မြှင့်တင်လျှင် ကျေးရွာတွင်း သွားလာရပိုမိုလွယ်မည်ဖြစ်ပြီး ရွာသူရွာသားများအတွက် ပိုမိုအကျိုးရှိမည် ဖြစ်သဖြင့် ကျေးရွာတွင်းလမ်းများ မြေနီကျောက်စရစ် လမ်းခင်းခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဦးစားပေး စီမံချက်ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် ကျပ် (၁)သိန်းနှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။အခြားအသေးစားချေးငွေဝန်ဆောင်မှုများဖြစ်သော ပတ်မြန်မာ၊သမဝယမ ငွေစု ငွေချေး အဖွဲ့လည်းရှိသော်လည်းတောင်သူလယ်သမားများသာမကဘဲအခြားအသေးစား စီးပွားရေး လုပ်ငန်းများ ထူထောင်ရန် (ဥပမာ - တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်းအဝယ်) ချေးငွေ ဝန်ဆောင်မှု များ လိုအပ်ပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်

များဖြင့် ဘွဲ့ရသူများလည်း ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိပြီး အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် ကျေးရွာမှ တစ်မိုင်ခွဲခန့် ကွာဝေးသော ရေစကြိုမြို့ (အထက၁)ကျောင်းသို့ သွားရောက် ပညာသင်ကြားပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲ ဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာ အိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျေးရွာတွင် တာဝန်ကျဆရာမ (၁)ဦးရှိပြီး ကျေးရွာနှင့်(၁)မိုင်ခွဲခန့်ဝေးသော ရေစကြိုမြို့နယ်ဆေးရုံသို့သာ သွားရောက်ကြပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ် ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှနှစ်စဉ် ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်း မြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်း တို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။ စိုက်ခင်းများတွင်ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပါတ်ဝန်းကျင်ကိုထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါး ရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်အားနည်းသေးကြောင်းတွေ့ရှိရပါသည်။ ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီ မိုးရက်ဆက် ရွာသွန်းလျင် စပါးခင်းများ ရေနှစ်မြှပ် ခံရသောကြောင့်

အချို့တောင်သူများ၏ စပါးခင်းများရေနစ် ပျက်စီး၍နောက်တကြိမ်ပြန်လည် စိုက်ပျိုးရခြင်းများ ကြုံတွေ့ကြရသည်။

(ဇ)ကျား – မ ရေးရာ


ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊


ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များ တွင် (ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပခြင်း) အမျိုးသမီးများသည်အမျိုးသားနှင့်အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာ လုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူ အခွင့်အရေးရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	လမ်း၊တံတား	ရွာတွင်းလမ်းများ မြေနီ ကျောက်စရစ် ခင်းခြင်း	၁
၂	မီးလင်းရေး	လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း	၂
၃	လူငယ်	ကျေးရွာအဖွဲ့အစည်းများ .စွမ်းဆောင်ရည်မြှင့် သင်တန်း များဖွင့်လှစ်ပေးခြင်း	၃
၄	ကျန်းမာရေး	ဆေးပေးခန်းဆောက်လုပ်ပေးခြင်း	၄
၅	လမ်း၊တံတား	ကွန်ကရစ်တံတား တည်ဆောက်ခြင်း	၅
၆	လူငယ်	အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ် ခြင်း	၆
၇	စိုက်ပျိုးရေး	စက်ကိရိယာများအရစ်ကျ စနစ်ဖြင့် ရောင်းချပေး နိုင်ရေးဆောင်ရွက်ပေးရန်	၇
၈	ပညာရေး	စာကြည့်တိုက်ဆောက်လုပ်ပေးခြင်း၊ စာပေဟောပြောပွဲများ ပြုလုပ်ပေးခြင်း	၈
၉	ငွေကြေး	မြစိမ်းရောင်စီမံကိန်းကဲ့သို့ အတိုးချေးငွေရရှိမည့် စီမံကိန်း များ ချထား ပေးရန်	၉
၁၀	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးရန်	၁၀

ရွာသစ်ကျေးရွာ အဖွဲ့စည်းပြုဖြေပုံ 9-6-2018




၉.၈.၂၀၁၈
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း

ရွာသစ်ကျေးရွာ သယံဇာတပြမြေပုံ

၄.၆.၂၀၁၈

